Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (005/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၀၅/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှ ဖေဖော်ဝါရီလ (၂၇) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လာမည့်ရွေးကောက်ပွဲအတွက် ပြင်ဆင်ကြရန် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်က ရပ်ကွက်အာဏာပိုင်များကို အမိန့်ပေးညွှန်ကြားလိုက်ကြောင်း ကိုယ်တိုင်မြင်တွေ့ကြားသိရသည့် ဒေသခံများက ပြောသည်။ **(DVB 210210)** Read More...
- နအဖစစ်အစိုးရအား ဆန့်ကျင်သည့်လှုပ်ရှားမှုများကို အချိန်မီသတင်းပေးနိုင်ရန်အတွက် ရည်ရွယ်၍ ရန်ကုန်ရှိ စည်ပင်ရေိယာမြို့နယ်များရှိ ဈေးအသီးသီးမှ ဈေးသည်အချို့ကို ဝေါ်ကီတော်ကီ (ခေါ်) စကားပြောဆက်သွယ်ရေးစက်များ ချထားပေးကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (တယက) မှ ဆိုသည်။ **(NEJ 220210)** Read More...
- စစ်အစိုးရက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာကင်တားနား၏ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားချက်များကို ပြည်တွင်းသတင်းဂျာနယ်များတွင် ဖော်ပြခွင့်ပိတ်ပင်လိုက်ကြောင်း ပြည်တွင်းသတင်းဂျာနယ်အယ်ဒီတာတစ်ဦးက ပြောသည်။ **(Irrawaddy 220210)** Read More...
- ၂၀၁၀ ပြည့်နှစ်အတွင်း ရန်ကုန်မြို့တွင်းရှိ လမ်းများခင်းခြင်း အပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ကျပ်ငွေ ၁၂ ဘီလီယံကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ပြောသည်။ **(Irrawaddy 220210)** Read More...
- "မြန်မာသည် မြန်မာယောင်ဆောင်ထားသော တိုင်းတပါး အလိုတော်ရိ မဖြစ်စေရ"ဟု ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ကချင်ပြည်နယ်ခရီးစဉ်တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့ထုတ် စစ်အစိုးရပိုင်သတင်းစာတွင် ဖော်ပြထားသည်။ **(Irrawaddy 240210)** Read More...
- မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ နအဖစစ်တပ်များအား တိုက်ပွဲဝင်ရန်အတွက် အဆင်သင့်ပြင်ဆင်ထားရန် နေပြည်တော်မှ ညွှန်ကြားလိုက်ကြောင်း ခိုင်လုံသည့်စစ်ရေးသတင်းရပ်ကွက်မှ ဆိုသည်။ **(KNG 250210)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးတင်ဦးကို အမျိုးသားပြန်လည်သင့်မြတ်ရေး သူရဲကောင်းအဖြစ် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များက ဂုဏ်ပြုချီးမြှင့်လိုက်သည်။ **(DVB 210210)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုဦးစီးအဖွဲ့ **CC** အဖွဲ့ဝင်များကို စိစစ်ရွေးချယ်ရေးလုပ်ငန်းများ အဖွဲ့ချုပ်ရုံး၌ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ **(Mizzima 220210)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** က ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းရေးအတွက် ပြည်နယ်နှင့်တိုင်း စည်းရုံးရေးအဖွဲ့များမှ တင်သွင်းသည့် အဖွဲ့ချုပ်ဝင်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ယမန်နေ့၌ ပြန်လည်စိစစ်ခဲ့ကာ မကြာမီထုတ်ပြန်ကြေညာတော့မည်ဖြစ်ကြောင်း **NLD** က ပြောသည်။ **(NEJ 230210)** **Read More...**
- မွန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့နှင့် တိုင်းလူငယ်အဖွဲ့များ ယနေ့တွေ့ဆုံကာ ရှေ့လုပ်ငန်းစဉ်နှင့် လူငယ်ဖွဲ့စည်းရေးကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း မွန္တလေးတိုင်းစည်းအဖွဲ့ဝင် ဦးမျိုးနိုင်က ပြောသည်။ **(DVB 220210)** **Read More...**
- မြန်မာ့တပ်မတော်အနေဖြင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းကာ ပြည်သူများကို အလုပ်အကျွေးပြုသည့် တပ်မတော်အဖြစ် ပြောင်းလဲရန် **NLD** ဒု-ဥက္ကဌ ဦးတင်ဦးက စစ်တပ်အရာရှိများနှင့် တပ်မတော်သားများကို တိုက်တွန်းလိုက်သည်။ **(VOA 230210)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ဒု-ဥက္ကဌ ဦးတင်ဦးပြန်လည်လွတ်မြောက်၍ နိုင်ငံရေးလှုပ်ရှားမှုများ ပြန်လည်ဆောင်ရွက်နေသည့်အတွက် ဝမ်းသာကျေးဇူးတင်သည်ဟု ပြောကြောင်း ယနေ့သွားရောက်တွေ့ဆုံခဲ့သည့် ရှေ့နေ ဦးဉာဏ်ဝင်းက ပြောသည်။ **(Irrawaddy 240210)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** သည် ဗဟိုဦးစီးအဖွဲ့ဝင် ၁၀၀ နှင့် အရန်အဖွဲ့ဝင် ၈ ဦးကို ယနေ့ရွေးချယ်ပြီးဆီးသွားပြီဖြစ်ကြောင်း ဗဟိုကော်မတီ အဖွဲ့ဝင် **(CEC)** ဒေါက်တာဝင်းနိုင်က ပြောသည်။ **(Irrawaddy 250210)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု-ဥက္ကဌ ဦးတင်ဦးသည် နယ်လှည့်စည်းရုံးလုပ်ငန်းများ စတင်ဆောင်ရွက်ရန် စီစဉ်နေသည်။ **(RFA 260210)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်အမှုနှင့်ပတ်သက်၍ အယူခံလျှောက်လွှဲချက်ကို နအဖဗဟိုတရားရုံးမှ ပယ်ချလိုက်သည့်အပေါ် မြို့နယ်အသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များက ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချလိုက်သည်။ **(DVB 270210)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ် အသွင်မပြောင်းလဲရသေးသည့်အဖွဲ့များ

- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIO)** နှင့် နအဖအကြား အပစ်ရပ်စာချုပ် ချုပ်ဆိုသည့် (၁၆) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် မနောပွဲတော်ကို ယနေ့ စတင်ဖွင့်လှစ်လိုက်သည်။ **(NEJ 230210)** **Read More...**
- စစ်အစိုးရ တာဝန်ရှိသူများနှင့် ဝပြည်သွင်းစည်းညီညွတ်ရေးတပ်မတော် **(UWSA)** ခေါင်းဆောင်များ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စ မူအားဖြင့်သဘောတူညီထားသော်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးရန် နှစ်ဘက်တင်းမာမှုများဖြစ်ပေါ်နေသည်။ **(Irrawaddy 230210)** **Read More...**

- ယခုလ ၂၆ ရက်နေ့တွင် လားရှိုးမြို့၌ စရဖအရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဝ ဥက္ကဋ္ဌတို့ တွေ့ဆုံရန် ဝဥက္ကဋ္ဌကြီး ၏လုံခြုံရေးကိုပါ ယူပေးရန်အတွက်တရုတ်ကို နအဖက အကူအညီတောင်းထားသည့်အပေါ် **UWSA** ဥက္ကဋ္ဌက ထပ်မံငြင်းဆန်လိုက်သည်။ **(S.H.A.N 240210)** **Read More...**
- နအဖ၏ တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းမှုအား အကြိမ်ကြိမ်ငြင်းဆိုနေသည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** ခေါ် ဝတပ်ဖွဲ့ ဥက္ကဋ္ဌ ပေါက်ယူချန်းသည် စစ်ဖက်ရေးရာ လုံခြုံရေးအဖွဲ့ (စရဖ) အရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်တွေ့ဆုံရန် ယနေ့နံနက် ဗဟိုဌာနချုပ် ပန်ဆန်းမြို့မှ ထွက်ခွာသွားသည်။ **(NEJ 250210)** **Read More...**
- တြိဂံတိုင်းမှူးဖိတ်ကြားချက်အရ ကျိုင်းတုံတြိဂံစစ်တိုင်းရုံးသို့ မိုင်းလားအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ သွား ရောက်သော်လည်း ဥက္ကဋ္ဌ ဦးစိုင်းလင်းကိုယ်တိုင်းမသွားသဖြင့် တိုင်းမှူးကိုယ်တိုင်လက်ခံတွေ့ဆုံခြင်းမရှိကြောင်း နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 260210)** **Read More...**
- ဝ ခေါင်းဆောင်နှင့် နအဖ ကိုယ်စားလှယ်များ တွေ့သည်ဖြစ်စေ မတွေ့သည်ဖြစ်စေ နယ်စပ်လုံခြုံရေးအရ ဝ နယ်မြေ အတွင်း တပ်မနစ်ခုပို့မည်ဟု တန့်ယန်းသို့ ဝခေါင်းဆောင်များ မထွက်ခွါမီ နအဖက တရုတ်မှတဆင့် ဖိအားပေးခဲ့ သည်ကြောင်း ဝခေါင်းဆောင်များနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 260210)** **Read More...**
- နအဖနှင့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီအကြား နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို ရှမ်းပြည်မြောက် ပိုင်းတန့်ယန်းမြို့တွင် ယနေ့ ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ရာ **UWSA** ဥက္ကဋ္ဌ ပေါက်ယူချန်းက အချက် (၉) ချက်တင်ပြ တောင်းဆိုခဲ့ရာ နအဖ စက်ဘက်ရေးရာအရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်မှ စည်းစားပြီးအကြောင်းပြန်မည်ဟု ပြော ကြားခဲ့သည်။ **(DVB 260210)** **Read More...**

## နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးအဖွဲ့မှ နိုင်ငံရေးပါတီ ဖွဲ့စည်းတည်ထောင်ပြီး နိုင်ငံရေးလှုပ်ရှား မှုများ ပြုလုပ်ကာ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးပမ်းနေသည်ဟု ကရင်နီပြည်အရေး လေ့လာသူတစ်ဦးက ပြောသည်။ **(Kantarwaddy Times 220210)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ နိုင်ငံရေးဌာနမှ တာဝန်ရှိသူ **Mr. Isballe Poppel Daum** သည် ၂၀၁၀ မြန်မာ့ရွေး ကောက်ပွဲတွင် ဝင်ရောက်ရှင်ပြိုင်ရန် နာမည်ထွက်နေသည့် ပြည်တွင်းနိုင်ငံရေးသမားအချို့ကို လိုက်လံတွေ့ဆုံ မေးမြန်းနေသည်။ **(DVB 230210)** **Read More...**
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားက မြန်မာနိုင်ငံခရီးစဉ်တွင် "မြန်မာနိုင်ငံရွေးကောက်ပွဲနှင့်ပတ်သက်၍ လူထုဆန္ဒပြပွဲများ ပေါ်ပေါက်လာနိုင်သည်"ဟု စစ်အစိုးရ ရဲချုပ်ခင်ရီကို သတိပေးခဲ့သည်။ **(RFA 240210)** **Read More...**
- ရန်အကုန်အခြေစိုက် **EU** ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့နှင့် အမေရိကန်သံတမန်များသည် နအဖ ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအပေါ် အမြင်းသဘောထားများအား **NLD** ခေါင်းဆောင်များကို ယနေ့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။ **(RFA 260210)** **Read More...**

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အယူခံလျှောက်ထားချက်ကို ဗဟိုတရားရုံးက အကြောင်းပြချက်မရှိဘဲ ယခုလ ၂၆ ရက်နေ့က ပယ်ချလိုက်သည့်အပေါ် ကုလသမဂ္ဂ၊ အမေရိကန်၊ ဗြိတိန်နှင့် ကနေဒါ အစိုးရများက ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်သည်။ **(RFA 270210)** **Read More...**

## အခြားအင်အားစုများ

- ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်သော မြန်မာ့သတင်းသမဂ္ဂ ( ၇ ) ကြိမ်မြောက် ညီလာခံတွင် ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေက စစ်အစိုးရ ယခုကျင်းပမည်ဆိုသည့် ရွေးကောက်ပွဲသည် စစ်တပ်က မြန်မာ့နိုင်ငံရေးတွင် ရေရှည်တိုးဝင်ရောက် စွက်ဖက်လာခြင်းမဟုတ်ဘဲ နောက်တစ်လှမ်းဆုတ်ခြင်းသာဖြစ်ကြောင်းနှင့် ဒီမိုကရေစီအင်အားစုများမှ ဝင်ရောက်ယှဉ်ပြိုင်ကြရန် တိုက်တွန်းလိုက်သည်။ **(NEJ 250210)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- ကုန်စျေးနှုန်းကျဆင်းရေးဆန္ဒပြသူများဖြင့် ဖွဲ့စည်းထားသည့် ရန်ကုန်အခြေစိုက် **MDC** ခေါ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လိုလားသူများအဖွဲ့က နိုင်ငံရေးလှုပ်ရှားမှုများ ပြန်လည်စတင်လိုက်ကာ အတိုက်အခံများနှင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် စစ်အစိုးရကို တောင်းဆိုလိုက်သည်။ **(Mizzima 220210)** **Read More...**
- ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာသမားများအနေဖြင့် ဒီမိုကရေစီအရေးတော်ပုံကြီးအတွက် ပူးပေါင်းလုပ်ဆောင်သွားကြရန် ဝါရင့်သတင်းစာဆရာကြီး လူထုစိန်ဝင်းနှင့် ရုပ်ရှင်ဒါရိုက်တာကြီး ဦးဝင်းဖေတို့က တိုက်တွန်းလိုက်သည်။ **(Mizzima 240210)** **Read More...**
- ၂၀၀၉ ခုနှစ် နှောင်းပိုင်းမှစ၍ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ အလုပ်သမားများ၏ ဆက်တိုက်ဆန္ဒပြခဲ့မှုများအား နအဖ အလုပ်သမားဝန်ကြီးဌာနက စိုးရိမ်ပူပန်နေကြောင်း ရန်ကုန်တိုင်းအလုပ်သမား ဥပဒေ စစ်ဆေးရေးရုံးက ဆိုသည်။ **(NEJ 260210)** **Read More...**
- လုပ်အားခတိုးမြှင့်ပေးရန်အတွက် ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ် စက်မှုဇုန် ၁ ရှိ ပြုံးပန်းတရာ အထည်ချုပ်စက်ရုံတွင် အလုပ်သမား ၁၀၀ ခန့် ယမန်နေ့က ဆန္ဒပြခဲ့သည်။ **(Mizzima 260210)** **Read More...**
- ယခုလ ၂၆ ရက်နေ့က ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်ရှိ **Good Family** အထည်ချုပ်စက်ရုံမှ အလုပ်သမားများသည် ၎င်းတို့အခွင့်အရေးများရရှိရေးနှင့် လုပ်အားခတိုးမြှင့်အတွက် ဆန္ဒပြတောင်းဆိုခဲ့သည်။ **(RFA 270210)** **Read More...**

## မီဒီယာအသင်းအဖွဲ့များ

- မြန်မာသတင်းစာဆရာများ အပါအဝင် စာပေနယ်ပယ်၊ လူထုဆက်သွယ်ရေးနယ်ပယ်မှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာသတင်းသမဂ္ဂမှ ကြီးမှူး၍ သတ္တမအကြိမ်မြောက် ညီလာခံကို ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် စတင်ကျင်းပခဲ့ရာ စစ်အစိုးရပြုလုပ်မည့် ယခုနှစ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းမီဒီယာများအနေဖြင့် မည်သည့်အခန်းကဏ္ဍ၌ ပါဝင်သင့်သည်ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **(NEJ 240210)** **Read More...**

---

***End of report/ Saturday, February 27, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---